## Which hospital reforms best?
## ပြည်သူ့ ကျန်းမာရေး ဘယ်သူ့ ကို အားကိုးမလဲ?

"ဘယ်လိုအခြေအနေမျိုးဖြစ်ဖြစ်နောက်ဆုံးတော့ ပြည်သူ ့ဆေးရုံရောက်ကြရတာပါပဲ။ အခုအခြေအနေမှာ အားအကိုးနိုင်ရဆုံး သူကိုပြပါဆိုရင် ပြည်သူ့ ဆေးရုံတွေပါပဲ"

**ဒေါက်တာနန္ဒဂင်း ၊ ဆေးရုံအုပ်ကြီး( သီပေါကုတင် ၁၀၀ ဆေးရုံ )**

-------------------------------------------------------------------------------------------------------------------

"ကျမတို ့အစိုးရသစ်တက်လာတဲ့နောက်ပိုင်းမှာ ကျန်းမာရေးနဲ ့ပညာရေးဘတ်ဂျက်ကို သိသိသာသာ တိုးမြှင့်နိုင်ခဲ့တယ်။ အရင်က ၁%လောက်ပဲသုံးစွဲပေမယ့် ခုကျမတို့ ၂၀၁၅ နောက်ပိုင်းမှာတော့ ၃.၈ ကနေ ၄.၇ ထိတိုးမြှင့်ပေးလာပါတယ်။ ဒီထက်တော့လိုနေပါသေးတယ်။ အစိုးရက ကောင်းမွန်တဲ့စနစ်တွေချပေးပြီးတော့ ပြည်သူလူထုတစ်ရပ်လုံးတန်းတူ ညီမျှတဲ့အခွင့်အရေးရဖို့ လိုတယ်။ "

**ဒေါ်ဖြူဖြူသင်း ( မင်္ဂလာတောင်ညွန့် ၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် )**

-------------------------------------------------------------------------------------------------------------------

" ပြည်သူ ့ကျန်းမာရေးကဏ္ဍအတွက် အစိုးရကိုအားကိုးရမှာဖြစ်ပါတယ်။ အစိုးရရဲ ့ဥပဒေပြုကဏ္ဍ မှာ ကျန်းမာရေးကို အထောက်အကူပြုတဲ့ ဥပဒေများကိုရေးဆွဲပြီးတော့ ပြည်သူ ့ကျန်းမာရေးကိုကာကွယ် သောဥပဒေတွေကိုလုပ်ပေးရမှာဖြစ်တယ်။ အစိုးရဘတ်ဂျက်ကို လွှတ်တော်ကချပေးတာဖြစ်တယ်။ ဒီနေရာမှာ ကျန်းမာရေးကဏ္ဍမှာ ရံပုံငွေကို ပိုပြီးသုံးဖို ့လိုပါတယ်။ ကမ္ဘာ့စာရင်းဇယားတွေကြည့်ရင် မြန်မာနိုင်ငံက ကျန်းမာရေးအသုံးစားရိတ် အနည်းဆုံး ၁၀ နိုင်ငံထဲမှာပါနေတယ် "

**ဒေါက်တာ စစ်နိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ( Maristopes International )**

-------------------------------------------------------------------------------------------------------------------

"ကျနော်တို ့ ပုဂ္ဂလိကဆေးရုံတွေရဲ ့အဓိကခံယူချက်က နိုင်ငံတော်ကို တစ်ထောင့်တစ်နေရာက ပံပိုးပေးချင်တယ်။ ဈေးကွက်လည်းရှိပါတယ်။ အခြေခံလူတန်းစားတော့မတက်နိုင်ဘူး။ ဒါပေမယ့် လူလတ်တန်း စားနဲ ့အထက်တန်းလွှာလူတန်းစားကို နိုင်ငံခြားကို သွားပြီးဆေးမကုစေချင်ဘူး။ရည်ရွယ်ချက်က အားလုံး

ငါးချက်လောက်ရှိပါတယ်။ တစ်ချက်ကတော့ မြန်မာပြည်မှာ မြန်မာဆရာဝန်တွေနဲ့ ကုလို့ရရင် နိုင်ငံတော်အစိုးရ အတွက် နိုင်ငံခြားငွေ ယိုစိမ့်မှု သက်သာမယ်။ "

**ဒေါက်တာမြတ်သူ ၊ အုပ်ချုပ်မှုဒါရိုက်တာ ( အာရှတော်ဝင် ပုဂ္ဂလိကဆေးရုံ )**

---

"လွှတ်တော်က ဘတ်ဂျတ်တွေကို တိုးချပေးဖို့လိုတယ်။ အဓိကကတော့ အစိုးရရဲ့ဝန်ထမ်းတွေကို ယုံကြည်မှုရှိလာအောင်လုပ်ဖို့ လိုတယ်လို့ မြင်တယ်။ "

**ဒေါ်ဖြူဖြူသင်း ( မင်္ဂလာတောင်ညွန့် ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် )**

---

"အစိုးရဆေးရုံမှာ ဝန်ထမ်းလုပ်နေတဲ့ဆရာဝန်နဲ့ပြင်ပဆေးကုခန်းတွေဖွင့်နေတဲ့ဆရာဝန်အရေအတွက်ကို သိချင်ပါတယ်။ အပြင်ဆေးခန်းတွေမှာ ကိုယ်ပိုင်ကုသနေတဲ့ဆရာဝန်တွေအများကြီးပါ။ ဒေသဆိုင်ရာ ရပ်ကွက်တွေက ဆရာဝန်တွေကို ယုံကြည်စိတ်ချရရင် အားကိုးတာပါပဲ။အဲဒီကနေ Referral System လွှဲပြောင်းမှုစနစ် ကောင်းမှ ဆေးရုံကိုလာတယ်ဆိုတာက ဖြစ်သင့်ပါတယ်။ အခုက ဘာဖြစ်ဖြစ်ဆေးရုံတွေကို အားကိုးမယ် အလကားရတယ် ဆိုတဲ့ စိတ်မျိုးတွေဖျောက်သင့်တယ်။ "

ပရိသတ် ၊ ဒေါက်တာသိန်းဝင်း

---

"အပြင်မှာရောက်နေတဲ့ဆရာဝန်တွေအတွက် အလုပ်လုပ်လို့ပျော်တဲ့ပတ်ဝန်းကျင်တစ်ခု ကို အစိုးရက ဖန်တီးပေးရမယ်။ခုဟာကဆရာဝန်ကအကုန်လုပ်ရတယ်။နယ်ကTMOတစ်ယောက်ကဆိုရင်မဲရုံစောင့်လည်းသူပဲ။ ရပ်ရွာအေးချမ်းသာယာရေးလည်းသူပါရတယ်။ နောက်တစ်ခုက လူနာစောင့်က ဆရာဝန်ကို ဓါးနဲ့ထိုးတဲ့ အမှုမှာဘယ်ဝန်ကြီးဌာနဘယ်အဖွဲ့အစည်းမှဆရာဝန်ကိုအကူအညီပေးတာမရှိဘူး။ဆရာဝန်တွေအတွက်အာမခံချက်မရှိဘူး။အကာအကွယ်မရှိဘူး။ ဒါတွေကြောင့်ကျနော်တို့ ကျောင်းပြီးရင် အလုပ်ဝင်ဖို့တော်တော်လေး စဉ်းစားရလိမ့်မယ် "

ပရိသတ် ၊ ကိုနိုင်မင်းထွဋ် (ဥက္ကဋ္ဌ။ ဆေးတက္ကသိုလ် (၂) ကျောင်းသားများသမဂ္ဂ )